ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ

လမ်းခင်းကျောက်အမျိုးမျိုးအား

တူးဖော်၊ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းများ

ဆောင်ရွက်ရန်အတွက်

ရင်းနှီးမြှုပ်နှံလိုသူ၏လုပ်ငန်းအဆိုပြုချက်

Shwe Myint Mo Tun Stone Manufacturing Company Limited

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

M4-1057
14.11.17

စာအမှတ် (သစ်တော)၄(၁)/၀၉(ဈ)(၂)/(၂၁၈၅/၂၀၁၇)
ရက်စွဲ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၈ ရက်

NPT-4174
10.11.17

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **လမ်းခင်းကျောက်အမျိုးမျိုး တူးဖော်၊ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စ**

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၄-၈-၂၀၁၇ ရက်စွဲပါစာအမှတ်၊ မရက-၅ (သ)/ န-ထွေ/၂၀၁၇ (၄၀၀)

၁။ ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက်မှ လမ်းခင်းကျောက်အမျိုးမျိုး တူးဖော်၊ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ မြေငှားရမ်းပြီး (၁) နှစ်ချင်း စာချုပ်ချုပ်ဆို၍ ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေရာမှ နှစ်ရှည်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လိုသောကြောင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလျှောက်ထားလာပါကြောင်း၊ အဆိုပါ လျှောက်ထားအဆိုပြုလွှာတွင် နှစ်ရှည်မြေငှားရမ်းခွင့် စာချုပ် (မူကြမ်း) ပါရှိရန် လိုအပ်ပါသဖြင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှတစ်ဆင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ပေးပို့ရန် လိုအပ်ကြောင်း ရည်ညွှန်းစာဖြင့် ညှိနှိုင်းလာပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်နှင့်အညီ ပြုစုထားသည့် သစ်တောဦးစီးဌာနနှင့် ကုမ္ပဏီတို့အကြား ချုပ်ဆိုသည့် လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းဆိုင်ရာစာချုပ် (မူကြမ်း) အား လိုအပ်သည်များ ဆက်လက်ဆောင်ရွက်နိုင်ပါရန် ပူးတွဲပေးပို့အပ်ပါသည်။

၈/၁၁/၂၀၁၇

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ဝင်းဇော်၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

MIC

ဖတ်ရှုပြီး	
ရာထူး	
ဥက္ကဋ္ဌ	
အတွင်းရေးမှူး	14/11
ညွှန်ကြားရေးမှူးချုပ်	
ဒုတိယညွှန်ကြားရေးမှူးချုပ်	
ညွှန်ကြားရေးမှူး	

14.11

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်

သစ်တောဦးစီးဌာန

ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက်

အမှတ်(၁၁၇/၁၁၉)၊ အခန်း(6-D+F)

အောက်ပုစွန်တောင်လမ်း၊ Golden Gate Tower, ကြည့်တော်ရပ်ကွက်၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အမှုတွဲချုပ်

မျှောစာတွဲ

ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ် (သစ်တော)၄(၁)/၁၉(ချ)(၃)/(၂၁၁၄/၂၀၁၇)

ရက်စွဲ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်

အကြောင်းအရာ။ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ရွှေမြင့်မိုရ်ထွန်းလမ်းခင်းကျောက် ထုတ်လု ရေးကုမ္ပဏီလီမိတက် (Shwe Myint Mo Tun Co. Ltd) မှ လမ်းခင်းကျော အမျိုးမျိုး တူးဖော်၊ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွ ပြုပါရန် တင်ပြလာခြင်းကိစ္စ

ရည်ညွှန်းချက် ။ (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၄-၈-၂၀၁၇ ရက်စွဲပါစာအမှတ် မရက- ၅ (သ)/ န-ထွေ/၂၀၁၇ (၄၀၀)

(၂) ဤပြည်ထောင်စုဝန်ကြီးရုံး၏ ၈-၁၁-၂၀၁၇ ရက်စွဲပါစာအမှတ်၊ (သ တော) ၄ (၁)/ ၁၉ (ချ) (၂)/ (၂၁၈၅/၂၀၁၇)

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၂-၁၂-၂၀၁၇ ရက်စွဲပါစာအမှတ်၊ မရက- ၅ (သ)/ ခ-၀၀၁/ ၂၀၁ (၅၄၀ - ခ) (မိတ္တူပူးတွဲ)

၁။ ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက်သည် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း ကွက်အမှတ် (၅၉) ရှိ မြေဧရိယာဧက ၅၀ တွင် လမ်းခင်းကျောက်အမျိုးမျိုး တူးဖော်၊ ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းဆောင်ရွက်ရန်နှင့်ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှ သို့ တင်ပြခဲ့ရာ လျှောက်ထားအဆိုပြုလွှာတွင် နှစ်ရှည်မြေငှားရမ်းခွင့် စာချုပ် (မူကြမ်း) ပါရှိရ လိုအပ်ပါသဖြင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှတစ်ဆင့် မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ပေးပို့ရန် လိုအပ်ကြောင်း ရည်ညွှန်းစာ (၁) ဖြင့် အကြောင်းကြာ ချက်အရ နှစ်ရှည်မြေငှားရမ်းခွင့်စာချုပ် (မူကြမ်း) ကို ရည်ညွှန်းစာ (၂) ဖြင့် ပေးပို့ခဲ့ပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင်ကျင်းပသည့် မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ (၃၂/၂၀၁၇) ကြိမ်မြောက် အစည်းအဝေး အဆိုပြုလွှာကို လက်ခံကြောင်း ရည်ညွှန်းစာ (၃) ဖြင့် ပြန်ကြားလာခြင်းအပေါ် ပြည်ထောင်စု

ဝန်ကြီး၏ မိန့်မှတ်ချက်အရ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ဝင်းဇော်၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

ညွှန်ကြားရေးမှူးချုပ်
<u>သစ်တောဦးစီးဌာန</u>

မိတ္တူကို
- အမှုတွဲချုပ်
- မျှောစာတွဲ
- ရုံးလက်ခံ

SHWE MYINT MO TUN
Stone Manufacturing Co.,Ltd.
: No. 117/119, Room No. (6-D+F), Upper Pazundaung Road, Golden Gate Tower, Kyi Taw Ward,
Mingalartaungnyunt Township, Yangon, Myanmar. Tel : 01-397249, 01-397254, 09-5102970
E-mail: myanmaahhla.ygn@gmail.com
: Mawlamyine-Yangon Road, Pathein Kwin Ward, Moke Ta Ma, Myanmar. Tel: 09 8701985, 09 792223444

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ် (၁) သစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့။

စာအမှတ် ။ SMMT / MIC / 2017-18 /
ရက်စွဲ ။

အကြောင်းအရာ။ ။ <u>လုပ်ငန်းဆောင်ရွက်မည့်မြေအား အသုံးချခြင်းနှင့်ပတ်သက်၍ ကတိခံဝန်ချက်ပြုခြင်း။</u>

အထက်အကြောင်းအရာပါကိစ္စရပ်နှင့်ပတ်သက်၍ ရွှေမြင့်မိုရ်ထွန်းလမ်းခင်းကျောက်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက် သည် မြန်မာနိုင်ငံ၊ မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြီးပိုင်း၊ အကွက်အမှတ် (၅၉) ရှိ မြေဧက (၅၀) အားငှားရမ်း၍ လမ်းခင်းကျောက် အမျိုးမျိုးအား တူးဖော်၊ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းအား နှစ်ရှည်ရင်းနှီးမြှုပ်နှံမှု့လုပ်ကိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု့ကော်မရှင်သို့ အဆိုပြုချက်တင်ပြထားသည့် ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။

ရွှေမြင့်မိုရ်ထွန်းလမ်းခင်းကျောက်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက် ၏လျှောက်ထားချက်အား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု့ကော်မရှင် ၊ရင်းနှီးမြှုပ်နှံမှုစီစစ်ရေးအဖွဲ့၏ အကြံပေးချက်အရ သစ်တောဦးစီးဌာနနှင့် ရွှေမြင့်မိုရ်ထွန်းလမ်းခင်းကျောက်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်တို့အကြား လုပ်ငန်းလုပ်ဆောင်မည့် မြေဧက (၅၀) ငှားရမ်းခြင်းလုပ်ငန်းဆိုင်ရာ စာချုပ်ပါအပိုဒ် (၁၇)တွင် ဖော်ပြထားသည့် "မြေအသုံးချမှုအာမခံငွေ (Land use Premium)အစား လုပ်ငန်းဆိုင်ရာစာချုပ် အမှန်တကယ်ချုပ်ဆိုသည့်အချိန်တွင် မြေအသုံးချမှု ပရီမီယံကြေး ဟု ပြောင်းလဲချုပ်ဆိုရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိခံဝန်ချက် တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

Managing Director
Shwe Myint Mo Tun Stone
Manufacturing Co., Ltd.

လျှို့ဝှက်

၁၁.၁၀.၁၇
၁၁၅၇
၁၁:၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန

စာအမှတ်၊ ၂(၅) ၃ - ၆၉ /နပတ(၇၈၁)

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်

အကြောင်းအရာ။ **သစ်တောဦးစီးဌာနနှင့် ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက်တို့အကြား ချုပ်ဆိုမည့် မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ်(၅၉)အတွင်းရှိ မြေဧရိယာ (၅၀)ဧကအား ငှားရမ်း၍ လမ်းခင်းကျောက်အမျိုးမျိုး တူးဖော်၊ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စ**

ရည်ညွှန်းချက်။ (၁) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၏ ၁၅-၉-၂၀၁၇ ရက်စွဲပါစာအမှတ်၊ စီမံကိန်း/သတ္တု/(၁၅၆၆၃-၆၅/၁၇)

(၂) ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၉-၈-၂၀၁၇ ရက်စွဲပါစာအမှတ်၊ (သစ်တော)၄(၁)/၀၉(ဈ)(၃)/(၁၆၄၉/၂၀၁၇)

၁။ ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက်မှ မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက် အမှတ်(၅၉) အတွင်းရှိ မြေဧရိယာ (၅၀) ဧကတွင် အနှစ်(၃၀) မြေငှားရမ်းပြီး မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လမ်းခင်းကျောက် တူးဖော် ထုတ်လုပ်ခွင့်အတွက် နှစ်ရှည်စာချုပ်ချုပ်ဆိုခွင့်ပြုသွားမည်ဖြစ်ပါသဖြင့် သဘောတူစာချုပ်(မူကြမ်း) အပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းချက်(၁)ပါစာဖြင့် မေတ္တာရပ်ခံလာသော ကိစ္စဖြစ်ပါသည်။

လျှို့ဝှက်

၂။ ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက်သည် မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ်(၅၉) အတွင်း လမ်းခင်းကျောက် တူးဖော်ထုတ်လုပ်ခြင်းအတွက် သစ်တောဦးစီးဌာနနှင့် သတ်မှတ်အခွန်များပေးသွင်း၍ နှစ်ရှည်စာချုပ်ချုပ်ဆိုဆောက်ရွက်လျက်ရှိသည့် မြေဧရိယာ(၅၀)ဧကအား နှစ်စဉ်မြေငှားရမ်းခြင်းစနစ်မှ နှစ်ရှည်မြေငှားရမ်းခြင်းစနစ်ဖြင့် စာချုပ်ချုပ်ဆိုဆောင်ရွက်နိုင်ရေး တင်ပြလျှောက်ထားလာမှုအပေါ် သစ်တောဦးစီးဌာန၏ သဘောထားမှတ်ချက် ပြန်ကြားပေးနိုင်ပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ညှိနှိုင်းလာ၍ စိစစ်တင်ပြရန် ပြည်ထောင်စုဝန်ကြီးရုံးမှ ရည်ညွှန်းချက်(၂)ပါစာဖြင့် အကြောင်းကြားလာခြင်းဖြစ်ကြောင်း ရည်ညွှန်းချက်(၁)ပါစာတွင် ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

၃။ ရည်ညွှန်းချက်(၁)ပါစာဖြင့် ပေးပို့လာသော စာချုပ်(မူကြမ်း) အပေါ် ဥပဒေရှုထောင့်မှ လေ့လာစိစစ်ပြီး အောက်ပါအတိုင်း သုံးသပ်အကြံပြုအပ်ပါသည် -

(က) စာချုပ်(မူကြမ်း) ပါ မြေဧရိယာသည် ကုလားမတောင်ကြိုးဝိုင်းအတွင်း ကျရောက်နေပါသဖြင့် စာချုပ်ပါလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုနိုင်ခြင်းရှိ မရှိ ဌာနမှပြန်လည်စိစစ်သင့်ပါသည်၊

(ခ) စာချုပ်(မူကြမ်း) အပိုဒ် ၃ အငှားချထားခြင်းခံရသူ၏ ကနဦးရင်းနှီးမြှုပ်နှံမှု ခေါင်းစဉ်အောက်တွင် အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲငယ် (၁)တို့ဖြင့် ဖော်ပြထားရာ အပိုဒ်ခွဲနှင့် အပိုဒ်ခွဲငယ်တစ်ခုစီသာ ဖော်ပြခြင်းဖြစ်သဖြင့် အပိုဒ်ခွဲ(က) အဖြစ်သာ တစ်ပေါင်းတည်း ဖော်ပြသင့်ပါသည်။ မင်နီဖြင့်ပြင်ဆင် ပေးလိုက်ပါသည်၊

(ဂ) စာချုပ်(မူကြမ်း) အပိုဒ် ၄(က)၌ အကွက်အမှတ်(၅၉)အတွင်းရှိမြေဧရိယာ(၅၀) (မြေပုံနောက်ဆက်တွဲ-က)ဟု ရည်ညွှန်းထားသော်လည်း စာချုပ်(မူကြမ်း)တွင် နောက်ဆက်တွဲ-က ပူးတွဲပါရှိလာခြင်းမရှိသဖြင့် ဌာနမှပြန်လည်စိစစ်ရန်နှင့် စာချုပ်ချုပ်ဆိုချိန်၌ နောက်ဆက်တွဲများ ပြည့်စုံစွာဖော်ပြရန်လိုအပ်ပါသည်၊

(ဃ) စာချုပ်(မူကြမ်း)အပိုဒ် ၄(က)ပါ "မြေငှားရမ်းခ" ကိုမည်သည့်ဘဏ်၊ မည်သည့် ငွေစာရင်းအမှတ်သို့ ပေးသွင်းရမည်ဖြစ်ကြောင်း အတိအကျ ဖော်ပြသင့်ပါသည်၊

(င) စာချုပ်(မူကြမ်း) အပိုဒ် ၅ အငှားချထားသူ၏ တာဝန်ဝတ္တရားများတွင် အခြားဌာနဆိုင်ရာများနှင့် သက်ဆိုင်သောကိစ္စရပ်များပါရှိသဖြင့် သက်ဆိုင်ရာ ဌာနများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်သင့်ပါသည်၊

(စ) စာချုပ်(မူကြမ်း) အပိုဒ် ၅(ဃ)ပါ "အခြားအထူးခံစားခွင့်များ"နှင့် စပ်လျဉ်း၍ နောင်အငြင်းပွားမှုမဖြစ်စေရေး မည်သည့်ကိစ္စရပ်များသည် အခြားအထူးခံစားခွင့်များဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြသင့်ပါသည်၊

(ဆ) စာချုပ်(မူကြမ်း) အပိုဒ် ၁၇ ပါ မြေအသုံးချမှုအာမခံငွေပေးသွင်းခြင်းနှင့် စပ်လျဉ်း၍ မည်သည့်ဘဏ်၊ မည်သည့်ငွေစာရင်းအမှတ်သို့ ပေးသွင်းရမည် ဖြစ်ကြောင်းနှင့် ပေးသွင်းရမည့်အချိန်ကာလကို နေ့ရက်အတိအကျဖြင့် ဖော်ပြသင့်ပါသည်၊

၄။ တံဆိပ်ခေါင်းအက်ဥပဒေ ပုဒ်မ ၉ အရ အစိုးရတံဆိပ်ခေါင်းခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်မရရှိသေးလျှင် ကျသင့်သောတံဆိပ်ခေါင်းခွန်ကို အငှားချထားခြင်းခံရသူမှ ထမ်းဆောင်ရမည် ဖြစ်ပါသည်။

၅။ ဤစာချုပ်(မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်အညီ ဥပဒေ ကြောင်းအရသာ ဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကိုဤရုံးအနေဖြင့် မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့် ယင်းကိစ္စရပ်များ နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် အကြံပြုပါသည်။

၆။ ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီသည် ဥပဒေနှင့်အညီ တရားဝင် ဖွဲ့စည်းထားသော ကုမ္ပဏီဟုတ် မဟုတ် ၊ စာချုပ်ပါလုပ်ငန်းကို လုပ်ကိုင်နိုင်ခွင့်နှင့် လုပ်ကိုင်နိုင်စွမ်းရှိ မရှိ၊ ငွေကြေး

အင်အားပြည့်စုံမှုရှိ မရှိ၊ စာချုပ်တွင်လက်မှတ်ရေးထိုးမည့်သူသည် တရားဝင်လွှဲအပ်ခြင်း ခံရသူ ဟုတ် မဟုတ် စသည်တို့ကို ကြိုတင်စိစစ်ရန်လိုအပ်မည်ဖြစ်ပါသည်။

၇။ ဤစာချုပ်(မူကြမ်း)ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင်ရန် အတွက် ဤရုံးသို့ မိတ္တူ(၃)စောင်စီပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ကျော်ကျော်နိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊
သစ်တောဦးစီးဌာန

မိတ္တူ - ရုံးလက်ခံ / မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

သစ်တောဦးစီးဌာန

နှင့်

ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက်တို့အကြား ချုပ်ဆိုသည့် "မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ်(၅၉)ရှိ မြေဧရိယာ(၅၀)ဧကကို ငှားရမ်း၍ လမ်းခင်းကျောက် ထုတ်လုပ်ခြင်းလုပ်ငန်းဆိုင်ရာစာချုပ်"

(စာချုပ်မူကြမ်း)

၂၀XX ခုနှစ်၊ XXXလ၊ (XX) ရက်

သစ်တောဦးစီးဌာန

နှင့်

ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက်တို့အကြား ချုပ်ဆိုသည့် မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ်(၅၉)ရှိ မြေဧရိယာ(၅၀)ဧကကို ငှားရမ်း၍ လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းဆိုင်ရာစာချုပ်

ဤစာချုပ်ကို နေပြည်တော်တွင် ၂၀၁၇ ခုနှစ်၊ xxxxxxxxလ (xx)ရက်နေ့၌ ဒေါက်တာ ညီညီကျော်၊ ညွှန်ကြားရေးမှူးချုပ် ကိုယ်စားပြုသော သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန (နောင်တွင် "အငှားချထားသူ"ဟု ခေါ်ဆိုရမည် ဖြစ်ပြီး၊ ယင်းစကားရပ်တွင် ၎င်း၏ဆက်ခံသူများနှင့် ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည် ဟု မှတ်ယူရမည်)က တစ်ဖက်နှင့် ဦးဇော်မင်းသန့်၊ အုပ်ချုပ်မှုဒါရိုက်တာ (နိုင်ငံသားစိစစ်ရေး အမှတ် - ၁၂/ မဂတ(နိုင်) ၀၈၂၂၃၄)၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ သဇင်လမ်း၊ တိုက်(ခ)၊ အခန်း(၆) ကိုယ်စားပြုသော ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက် (နောင်တွင် "အငှားချ ထားခြင်းခံရသူ"ဟု ခေါ်ဆို ရမည်ဖြစ်ပြီး ယင်းစကားရပ်တွင် ၎င်း၏ တရားဝင်ကိုယ်စားလှယ်များ ဆက်ခံသူများနှင့် ဥပဒေအရ လွှဲအပ်ခံရသူများ ပါဝင်သည်ဟု မှတ်ယူရမည်)တို့က အခြားတစ်ဖက် တို့သည် အောက်ဖော်ပြပါ သဘောတူညီချက်များနှင့်အညီ ဤစာချုပ်ကို ချုပ်ဆိုကြပါသည်။

၁။ ရည်ရွယ်ချက်

ဤစာချုပ်ကို ချုပ်ဆိုသည့်ရည်ရွယ်ချက်မှာ "အငှားချထားခြင်းခံရသူ"သည် "အငှားချထား သူ" ပိုင်ဆိုင်သော မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက် အမှတ်(၅၉)ရှိ မြေဧရိယာ(၅၀)ဧကတွင် လမ်းခင်းကျောက် ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ဆောင် ရန် ရည်ရွယ်ပါသည်။

၂။ အာမခံခြင်းနှင့် ကိုယ်စားပြုခြင်း

"အငှားချထားသူ"က အဆိုပါ ကုလားမတောင်ကြိုးဝိုင်းနှင့် ပတ်သက်၍ စာချုပ်ပါ ရည်ရွယ် ချက်အတိုင်း တရားဝင်ဆောင်ရွက်ခွင့်ရှိကြောင်း၊ "အငှားချထားသူ" နှင့် "အငှားချထားခြင်းခံရသူ" တို့သည် သက်ဆိုင်ရာ တည်ဆဲဥပဒေများအရ၊ ဖွဲ့စည်းထား၍ အခွင့်အာဏာ အပ်နှင်း ခြင်းခံရသော တရားဝင်ရပ်တည်ခွင့်ရှိသူများဖြစ်ပြီး၊ ဤသဘောတူစာချုပ်ပါ လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသော ပုဂ္ဂိုလ်များဖြစ်ကြောင်းနှင့် ဤစာချုပ်ကို ချုပ်ဆိုရန် အခွင့်အာဏာရှိသူများ၊ ငွေကြေးအင်အား တောင့်တင်းသူများဖြစ်ကြောင်း အသီးသီး ကိုယ်စားပြုအာမခံကြပါသည်။

၃။ **အငှားချထားခြင်းခံရသူ၏ ကနဦးရင်းနှီးမြှုပ်နှံမှု**

(က)"အငှားချထားခြင်းခံရသူ" မှ လမ်းခင်းကျောက် တူးဖော်ထုတ်လုပ်ရန်အတွက် စက်ပစ္စည်းများ ဝယ်ယူမှုနှင့် လုပ်ငန်းလည်ပတ်ငွေများအပါအဝင် မြန်မာကျပ်ငွေ သန်းပေါင်း ၅၈၃၆.၁၇ (ကျပ် သန်း ငါးထောင့် ရှစ်ရာ သုံးဆယ့် ခြောက်ဒသမ တစ်ခုနှစ်)ကို ကနဦး ရင်းနှီးမြှုပ်နှံမှုအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ **ခွင့်ပြုမြေဧရိယာ(၅၀)ဧကတွင် လမ်းခင်းကျောက်ထုတ်လုပ်ခြင်းအတွက် ငွေပေးသွင်းမှုနှင့် ယင်း၏စည်းကမ်းသတ်မှတ်ချက်များ**

(က) အငှားချထားသူ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ် (၅၉)အတွင်းရှိ မြေဧရိယာ(၅၀) (မြေပုံနောက်ဆက်တွဲ-က)ကို "အငှားချထားခြင်းခံရသူ" မှ "အငှားချထားသူ"သို့ တစ်နှစ်လျှင် တစ်ဧကအတွက် မြေငှားရမ်းခ မြန်မာကျပ်ငွေ (၁၅,၀၀၀/-)နှုန်းဖြင့် ဧက(၅၀)အတွက် ၇၅၀,၀၀၀/-(ကျပ် ခုနစ်သိန်းငါးသောင်း တိတိ)ကို ပေးသွင်းမည်ဖြစ်ပါသည်။ **(မော်လမြိုင်မြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ် ငွေစာရင်းအမှတ်၊ MD-010756 သို့ ပေးသွင်းရန်)**

(ခ) တစ်ဧကမြေငှားရမ်းခနှုန်းကို ပုံသေသတ်မှတ်ထားခြင်းမပြုလုပ်ဘဲ တစ်နှစ်လျှင် တစ်ကြိမ် မြေငှားရမ်းခနှုန်းကို နိုင်ငံတော်မှ သတ်မှတ်သည့်အတိုင်း ပေးသွင်းရမည်။

(ဂ) "အငှားချထားခြင်းခံရသူ"သည် "အငှားချထားသူ"ထံသို့ ပထမနှစ်အတွက် သတ်မှတ်ထားသော မြေငှားရမ်းခကို စာချုပ်မချုပ်ဆိုမီ ကြိုတင်ပေးသွင်းရမည်၊ နောက်နှစ်များတွင်လည်း နှစ်စဉ်ငှားရမ်းနှစ် မစတင်မီ ရက်ပေါင်း(၃၀)အတွင်း ကြိုတင်ပေးသွင်းရမည်။ သတ်မှတ်ကာလထက် နောက်ကျပြီးပေးသွင်းပါက နောက်ကျသည့် ရက်များအတွက် တစ်ရက်လျှင် ဒဏ်ကြေးငွေကျပ်(၅၀၀၀)နှုန်း ပေးဆောင်ရပါမည်။

(ဃ) ငှားရမ်းသည့်စာချုပ်ကို လုပ်ငန်းစတင်မည့် ၂၀xx-xx ခုနှစ်တွင် စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ပြီး စာချုပ်သက်တမ်းကာလမှာ ၂၀xx ခုနှစ်၊ xxxလ (xx)ရက်မှ ၂၀xx ခုနှစ်၊ xxxလ (xx)ရက်အထိ နှစ်(၃၀) ဖြစ်ပါသည်။

၅။ **အငှားချထားသူ၏ တာဝန်ဝတ္တရားများ**

အငှားချထားသူသည်-

(က) သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများထံမှ လိုအပ်သောခွင့်ပြုချက်များရယူရမည်၊

(ခ) "အငှားချထားခြင်းခံရသူ"က လိုအပ်သောခွင့်ပြုချက်များ မှတ်ပုံတင်များ၊ လိုင်စင်များ၊ အခြားလိုအပ်သော အချက်အလက်များကို သက်ဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အဖွဲ့အစည်းများထံမှ ရယူရာတွင် ကူညီဆောင်ရွက်ပေးရမည်၊

(ဂ) "အငှားချထားခြင်းခံရသူ"က ငှားရမ်းသည့်ကာလအတွင်း လုပ်ပိုင်ခွင့်ရရှိထားသော မြေကေ(၅၀)ကို စည်းကမ်းချက်များနှင့်အညီ လက်ဝယ်ထား၍ ဆောင်ရွက်ခွင့်ရှိစေရန်အတွက် "အငှားချထားသူ"က သော်လည်းကောင်း ယင်း၏ကိုယ်စားပြုသူက လည်းကောင်း ဝင်ရောက်စွက်ဖက်ခြင်း၊ နှောက်ယှက်ခြင်းများမပြုရန် တာဝန်ယူရမည်၊

(ဃ) "အငှားချထားခြင်းခံရသူ" က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံသို့ စီမံကိန်းဆိုင်ရာ လုပ်ငန်းများအတွက် အခွန်အခကင်းလွတ်ခွင့်၊ သက်သာခွင့်များ လျှောက်ထားရာတွင် ကူညီဆောင်ရွက်ပေးရမည်။

၆။ အငှားချထားခြင်းခံရသူ၏ လိုက်နာရမည့် စည်းကမ်းချက်များနှင့် အခွင့်အရေးများ

(က) အငှားချထားခြင်းခံရသူသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ်(၅၉)ရှိ မြေဧရိယာ(၅၀)ဧကတွင်သာ လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရမည်။

(ခ) ဤစာချုပ်ပါ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ဆောင်မှုအားလုံးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) အငှားချထားသူက ဤစာချုပ်အရ အကျိုးဝင်သော လုပ်ဆောင်မှုများ နှင့်ပတ်သက်၍ သတင်းအချက်အလက်များကို အကြောင်းအားလျော်စွာ တောင်းခံလာတိုင်း အငှားချထားသူသို့ တင်ပြရမည်။

(ဃ) ငှားရမ်းခကို သတ်မှတ်နှုန်းထားနှင့်သတ်မှတ်သော နည်းလမ်းများအတိုင်း သတ်မှတ်ချိန်အတွင်း အတိအကျပေးချေရမည်။

(င) ငှားရမ်းထားသော မြေအားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)၏ ခွင့်ပြုချက် မရရှိဘဲ မည်သူ့ကိုမျှ တစ်ဆင့်ငှားရမ်းရောင်းချ၊ လွှဲအပ်၊ လွှဲပြောင်း၊ ပေါင်နှံ၊ ထုခွဲခြင်းမပြုရ။ ကိုယ်တိုင်လုပ်ကိုင်ခြင်းမရှိလျှင် သစ်တောဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

(စ) လုပ်ကိုင်ခွင့်ရရှိသည့် သက်တမ်းအတွင်း လုပ်ကိုင်ခွင့်ရရှိသူက ကွယ်လွန်လျှင် ၎င်း၏ အမွေဆက်ခံခွင့်ရရှိသူက ခိုင်လုံသောအထောက်အထားများ တင်ပြ၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆက်လက် လုပ်ကိုင်ခွင့်ရှိသည်။

(ဆ) အငှားချထားခြင်းခံရသူသည် ခွင့်ပြုထားသည့် မြေဧရိယာတွင် လမ်းခင်းကျောက်တူးဖော်ထုတ်လုပ်ရာ၌ ကျောက်(၁)ကျင်းလျှင် ဒေသပေါက်ဈေး၏ ၂၅% ဖြင့် စုစုပေါင်း

ထုတ်လုပ်သည့် လမ်းခင်းကျောက်ပမာဏ(ကျင်း)အတွက် ကျသင့်သော အခွန်ငွေကို သတ်မှတ်သည့် နည်းလမ်းနှင့်အညီ သစ်တောဦးစီးဌာနသို့ ပေးသွင်းရမည်။

(ဇ) အခွန်တော်ငွေများ ပေးသွင်းခြင်းကို သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပေးသွင်းရမည်။

(ဈ) သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအတွက် လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုထားသည့် မြေဧရိယာ(၅၀)ဧက၏ ၂၀% ကို ရေမြေထိန်းသိမ်းရေး သစ်တောစိုက်ခင်းအဖြစ် ကြီးကြပ်စစ်ဆေးရန် လွှယ်ကူမည့် သစ်တောနယ်မြေတွင် (၃)နှစ်အတွင်း အပြီးတည်ထောင် စိုက်ပျိုးပေးရန် ဝန်ခံကတိပြုပြီး တည်ထောင်စိုက်ပျိုးပေးရမည်။

(ည) ကျောက်တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမြေဧရိယာ(၁)ဧကလျှင် လုပ်ငန်းအာမခံငွေ ကျပ် ၅၀၀၀၀ နှုန်းဖြင့် သစ်တောဦးစီးဌာနမှ သတ်မှတ်သည့် မြန်မာ့စီးပွားရေးဘဏ်တွင် စာချုပ်မချုပ်ဆိုမီ ကြိုတင်ပေးသွင်းရမည်။

(ဋ) ကျောက်တူးဖော်မည့်ဧရိယာကို ထင်ရှားသောနယ်နိမိတ်သတ်မှတ်ရန်နှင့် ကုန်ကျစရိတ်ကို အငှားချထားခြင်းခံရသူမှ ကျခံရမည်။

(ဌ) ကျောက်တူးဖော်ခွင့်ပြုထားသည့် ဧရိယာအတွင်း၌သော်လည်းကောင်း၊ အပြင်၌သော်လည်းကောင်း၊ သစ်ပင်ခုတ်လှဲခြင်းမပြုလုပ်ရ၊ မလွှဲမရှောင်သာ၍ ခုတ်လှဲရန် လိုအပ်ပါက သစ်တောဦးစီးဌာန၏ခွင့်ပြုချက်အရ ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်။

(ဍ) သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်အရ ခုတ်လှဲပြီးသောသစ်ပင်များကို အသုံးပြုလိုပါက သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသော ဈေးနှုန်းဖြင့်ဝယ်ယူသုံးစွဲရမည်။

(ဎ) ကျောက်တူးဖော်သည့် လုပ်ငန်းဆောင်ရွက်နေစဉ် နေထိုင်ရန် ယာယီနေအိမ်တဲမှ အပ အခြားအခိုင်အမာအဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုလုပ်ရ။

(ဏ) ကြိုးဝိုင်းအတွင်းကျောက်တူးဖော်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သဖြင့် ထိခိုက်မှုအနည်းဆုံးဖြစ်မည့် ပေါက်ကွဲစေတတ်သော ပစ္စည်းများကိုသာ အသုံးပြု၍ တူးဖော်ရမည်။

(တ) လုပ်ကိုင်ခွင့်ရသည့်မြေကို ကျောက်တူးဖော်ခြင်းလုပ်ငန်းမှတပါး အခြားစီးပွားရေး လုပ်ငန်းများအတွက် အသုံးမပြုရ။

(ထ) ကျောက်ထုတ်လုပ်မည့်စာရင်းများကို ထုတ်လုပ်သူမှ စနစ်တကျပြုစုထားရှိပြီး လစဉ် တိုးတက်မှုကို နောက်လပထမပတ်အတွင်း သက်ဆိုင်ရာမြို့နယ် သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိထံ လစဉ် တင်ပြရမည်။

(ဒ) ကျောက်ထုတ်လုပ်မည့် စာရင်းဇယားများနှင့် ကျောက်ထုတ်လုပ်မှုအခြေအနေကို သစ်တောဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအား အချိန်မရွေး ဝင်ရောက်စစ်ဆေးခွင့်ပြုရမည်။

(ဓ) ဖော်ပြပါစည်းကမ်းချက် တစ်စုံတစ်ရာကို ချိုးဖောက်ပါက လမ်းခင်းကျောက်တူးဖော် လုပ်ကိုင်ခွင့် ရုပ်သိမ်းခြင်းခံရမည်။

၇။ **စာချုပ်စတင်အကျိုးသက်ရောက်သောနေ့**

ဤစာချုပ်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက်ရရှိပြီးနောက် အသိသက်သေများရှေ့တွင် နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးသော (xxxxxxxxxxx) နေ့ရက်မှ စတင် အကျိုးသက်ရောက်မှု ရှိစေရမည်။

၈။ **စာချုပ်သက်တမ်းကာလ**

ငှားရမ်းလုပ်ကိုင်ခွင့်ပြုသည့် ကာလမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အတည်ပြုချက် ရရှိပြီးနောက် နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးသော ၂၀xx ခုနှစ်၊ xxလ (xx) ရက် မှ ၂၀xx ခုနှစ်၊ xxလ (xx)ရက်အထိ နှစ်(၃၀) ဖြစ်ပါသည်။

၉။ **စာချုပ်သက်တမ်းကုန်ဆုံးခြင်း**

ဤစာချုပ်သက်တမ်းသည် စာချုပ်သက်တမ်း ပြည့်မြောက်သည့်နေ့တွင် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။ သို့သော် "အငှားချထားခြင်းခံရသူ"၏ ပျက်ကွက်မှုကြောင့် "အငှားချထားသူ" က စာချုပ်ပါ စည်းကမ်းချက်နှင့်အညီ ဆောင်ရွက်ရန် တရားဝင်စာဖြင့် အကြောင်းကြားသော်လည်း (၁)လအတွင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်းမရှိ၍ ငှားရမ်းခြင်းကို ရပ်စဲသောနေ့သည် စာချုပ်သက်တမ်း ကုန်ဆုံးသည့်နေ့ဟု မှတ်ယူရမည်။

၁၀။ **လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်**

"အငှားချထားခြင်းခံရသူ"သည် (၂၀xx-xx) ဘဏ္ဍာနှစ်မှစတင်၍ (၂၀xx-xx) ဘဏ္ဍာနှစ် အထိ နှစ်စဉ် ကျောက်ကျင်းရေ (၁၀,၀၀၀)ခန့်အား နှစ်စဉ် ထုတ်လုပ်မည်ဖြစ်ပါသည်။

၁၁။ **စာချုပ်သက်တမ်းတိုးမြှင့်ခြင်း**

စာချုပ်သက်တမ်းကို ကနဦး သက်တမ်း(၃၀)နှစ်သတ်မှတ်ပြီး နှစ်ဦးနှစ်ဖက် ညှိနှိုင်း၍ နောက်ထပ်တစ်ကြိမ် (၁၀)နှစ်ဖြင့် (၂) ကြိမ်အထိဆက်တိုက် သက်တမ်းတိုးမြှင့်ခွင့်ရှိပါသည်။\

၁၂။ **စာချုပ်ရပ်စဲခြင်း**

ဤစာချုပ်သည် အောက်ဖော်ပြပါ အခြေအနေ တစ်ရပ်ရပ်ဖြစ်ပေါ်လာပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အတည်ပြုချက် ရရှိသည့်အခါ ရပ်စဲသွားမည်ဖြစ်ပါသည်-

(က) စာချုပ်ဝင်နှစ်ဦးနှစ်ဖက်တို့သည် မိမိတို့အသီးသီး၏ လွတ်လပ်သော သဘောဆန္ဒ အလျောက် စာချုပ်ရပ်စဲရန် သဘောတူပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ စာဖြင့်တင်ပြလျက် ယင်းကော်မရှင်က သဘောတူခွင့်ပြုသည့်အခါ

(ခ) စာချုပ်ဝင်တစ်ဖက်ဖက်က ဤစာချုပ်ပါဆောင်ရွက်ရန် (သို့မဟုတ်) လိုက်နာရန် တာဝန်တစ်ရပ်ရပ်ကို ပျက်ကွက်သည့်အခါ

(ဂ) မလွန်ဆန်နိုင်သောဖြစ်ရပ်များသည် တစ်ဆက်တည်း (၆)လထက် ကျော်လွန်နေသည့်အခါ

(ဃ) စာချုပ်သက်တမ်းကုန်သည့်အခါ

၁၃။ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း

"အငှားချထားခြင်းခံရသူ"သည် အငှားချထားသည့် မြေဧရိယာ(၅၀)ဧက၏ ပတ်ဝန်းကျင်ရှိ လေထု၊ မြေထု ညစ်ညမ်းမှုမရှိစေရန်နှင့် လမ်းခင်းကျောက် ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် အနီးဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပါအဝင် တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၁၄။ ဓါတ်သတ္တုအရင်းအမြစ်များ

အငှားချထားခြင်းခံရသူသည် ဤစာချုပ်ပါ ငှားရမ်းကာလအတွင်း ငှားရမ်းထားသည့် မြေဧက(၅၀)တည်ရှိရာ မြေပေါ်မှ ဓါတ်သတ္တုအရင်းအမြစ်များ၊ ရတနာများ၊ ရှေးဟောင်းအနုပညာပစ္စည်းများ၊ သဘာဝသမိုင်းနှင့် သိပ္ပံဆိုင်ရာ အရေးပါသော အရာဝတ္ထုများ၊ သဘာဝသယံဇာတ ပစ္စည်းများကို တွေ့ရှိလျှင် "အငှားချထားခြင်းခံရသူ"သည် သက်ဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ အဖွဲ့အစည်းများသို့ ချက်ခြင်းအကြောင်းကြားရမည်။ ထို့ပြင် အထက်ပါ ပစ္စည်းများအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက လွတ်လပ်စွာတူးဖော်ရယူပိုင်ခွင့်ရှိစေရမည်။

၁၅။ ငှားရမ်းမြေအားပြန်လည်ရယူခွင့်

အငှားချထားခြင်းခံရသူသည် စာချုပ်ပါစည်းကမ်းချက် တစ်ရပ်ရပ်ကိုဆောင်ရွက်ရန် သို့မဟုတ် လိုက်နာရန်ပျက်ကွက်ခြင်းကြောင့် အငှားချထားသူက ယင်းကဲ့သို့ပျက်ကွက်မှုများကို ပြုပြင်ရန် သို့မဟုတ် လိုက်နာရန် အငှားချထားခြင်းခံရသူကို အကြောင်းကြားစာ ပေးပို့ပြီးနောက် အကြောင်းကြားစာပါကာလအတွင်း လိုက်နာမှုမရှိပါက အငှားချထားသူသည် အငှားချထားသည့် မြေကို ပြန်လည် ဝင်ရောက်၍ လက်ဝယ်ရယူခွင့်ရှိသည်။ သို့ရာတွင် ယင်းသို့ဝင်ရောက်၍ လက်ရောက်ရယူခြင်းသည် အငှားချထားသူက အငှားချထားခြင်းခံရသူမှ ရရန်ရှိသော ငှားရမ်းခ သို့မဟုတ် ပျက်စီးဆုံးရှုံးမှု အတွက် လျော်ကြေး တောင်းဆိုခြင်းကို ထိခိုက်ခြင်းမရှိစေရ။

၁၆။ လုပ်ငန်းအာမခံငွေ

(က) အငှားချထားခြင်းခံရသူမှ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ်(၅၉)ရှိ မြေဧရိယာ(၅၀)ဧကတွင် လမ်းခင်းကျောက်ထုတ်လုပ်ခြင်းအတွက် လုပ်ငန်းအာမခံငွေ

အဖြစ် တစ်ကေလျှင် ကျပ် ၅၀,၀၀၀/-(ကျပ် ငါးသောင်းတိတိ)နှုန်းဖြင့် စုစုပေါင်း ၂,၅၀၀,၀၀၀/- (ကျပ် နှစ်ဆယ့် ငါးသိန်း တိတိ)ကို သစ်တောဦးစီးဌာနသို့ သတ်မှတ်ထားသော နည်းလမ်းဖြင့် စာချုပ် မချုပ်ဆိုမီ ကြိုတင်ပေးသွင်းရမည်။

(ခ) စာချုပ်သက်တမ်း ကုန်ဆုံးလျှင် သော်လည်းကောင်း၊ လုပ်ငန်းမလုပ်လိုတော့၍ ပြန်လည်အပ်နှံလျှင် ဝန်ခံကတိပြုထားသည့် ခွင့်ပြုမြေဧရိယာ ပမာဏ၏ ၂၀% ကို ရေမြေထိန်းသိမ်းရေး သစ်တောစိုက်ခင်းအဖြစ် တည်ထောင် စိုက်ပျိုးပြီးစီးပါက လုပ်ငန်းအာမခံငွေကို ပြန်လည်ထုတ်ယူခွင့်ရှိသည်။

(ဂ) ခွင့်ပြုမြေဧရိယာပမာဏ၏ ၂၀%ကို ရေမြေထိန်းသိမ်းရေး သစ်တောစိုက်ခင်းအဖြစ် တည်ထောင်စိုက်ပျိုးပေးမည်ဖြစ်ကြောင်း ဝန်ခံကတိအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက အဆိုပါ လုပ်ငန်းအာမခံငွေအား ဘဏ္ဍာငွေအဖြစ် သိမ်းယူခွင့်ရှိသည်။

(ဃ) အငှားချထားခြင်းခံရသူသည် စာချုပ်ပါ စည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက အဆိုပါ လုပ်ငန်းအာမခံငွေကို သိမ်းယူနိုင်ပါသည်။

၁၇။ **မြေအသုံးချမှုအာမခံငွေ (Land Use Premium)**

"အငှားချထားခြင်းခံရသူ"သည် မြေအသုံးချမှုအာမခံငွေအဖြစ် တစ်ကေလျှင်ကျပ်(၅၀၀၀၀/-) နှုန်းဖြင့် (၅၀)ကေအတွက် ကျပ် ၂,၅၀၀,၀၀၀/- (ကျပ် နှစ်ဆယ့် ငါးသိန်း တိတိ)ကို "အငှားချထားသူ"သို့ အောက်ပါအတိုင်း ပေးသွင်းရမည်။

(က) ပထမအရစ်အဖြစ် စုစုပေါင်းအာမခံငွေ၏ ၃၀% ဖြစ်သော ကျပ်(၇၅၀,၀၀၀/-)ကို သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီး ရက်(၃၀)အတွင်း ပေးသွင်းရမည်။

(ခ) ဒုတိယအရစ်အဖြစ် စုစုပေါင်းအာမခံငွေ၏၃၀% ဖြစ်သော ကျပ်(၇၅၀,၀၀၀/-)ကို သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီး (၆)လအတွင်း ပေးသွင်းရမည်။

(ဂ) တတိယအရစ်အဖြစ် စုစုပေါင်းအာမခံငွေ၏၄၀% ဖြစ်သော ကျပ်(၁,၀၀၀,၀၀၀/-) ကို သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီး (၂၄)လအတွင်း ပေးသွင်းရမည်။

(ဃ) မြေအသုံးချမှုအတွက် အာမခံကြေးကို သတ်မှတ်ကာလအတွင်း ပေးသွင်းရမည်။ အကယ်၍ သတ်မှတ်ကာလထက် နောက်ကျပြီးပေးသွင်းပါက တစ်ရက်လျှင် ဒဏ်ကြေးငွေကျပ်(၂၀၀၀/-)နှုန်း ပေးဆောင်ရမည်။

၁၈။ **မလွန်ဆန်နိုင်သောဖြစ်ရပ်များ**

(က) စာချုပ်ဝင်တစ်ဖက်ဖက်သည် မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် မလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့်ပျက်ကွက်ခြင်း၊ နှောင့်နှေးခြင်းများရှိပါသဖြင့် အခြားစာချုပ်ဝင် တစ်ဖက်ဖက်တွင် နစ်နာမှုများ ပေါ်ပေါက်လျှင် ထိုသူသည် ထို

နစ်နာမှုများအတွက်တာဝန်မရှိစေရ။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များဆိုသည်မှာ အစိုးရအဖွဲ့ တစ်ဖွဲ့ဖွဲ့၏ တားဆီးမိန့်၊ သပိတ်မှောက်ခြင်း၊ စစ်ဖြစ်မှု၊ လျှောင်လှုပ်ခြင်း၊ ပိတ်ဆို့ တားဆီးမှု၊ သူပုန်ထခြင်း၊ အဓိကရုဏ်းဖြစ်မှု၊ ကူးစက်ရောဂါပြန့်ပွားမှု၊ ပေါက်ကွဲမှု၊ မီးလောင်မှု၊ ရေကြီးမှု၊ မုန်တိုင်းကျမှုစသော စာချုပ်ဝင် တစ်ဖက်ဖက်က လိုအပ်သော သတိဝီရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန်/ မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များဖြစ်သည်။

(ခ) စာချုပ်ဝင်များသည် ထိုကဲ့သို့ မလွန်ဆန်နိုင်သောဖြစ်ရပ်များနှင့် ကြုံတွေ့ရလျှင် ကြုံတွေ့ရသူက အခြားစာချုပ်ဝင်အား ထိုအဖြစ်အပျက်ဖြစ်ပွားပြီး (၁၅)ရက်အတွင်း ဖြစ်ပွားမှုအခြေအနေအသေးစိတ်ကို အကြောင်းကြားရန်နှင့် ထိုကာလအတွင်း ဖြစ်ပေါ်မှု အခြေအနေ၊ မိမိကဆုံးဖြတ်ဆောင်ရွက်ရမည့် အခြေအနေများနှင့် အရေးပေါ် ဆောင်ရွက်ခဲ့မှု အခြေအနေများကို အကြောင်းကြားရမည်။ တစ်ဖက်က အတည်ပြု လက်ခံမှသာ မလွန်ဆန်နိုင်သောဖြစ်ရပ် မြောက်စေရမည်။ အဆိုပါဖြစ်ရပ်ကို ကြုံတွေ့ခံစားရသူ၏ တာဝန်များကို ထိုမလွန်ဆန်နိုင်သောကာလအတွင်း ဆိုင်းငံ့စေရမည်။ သို့ရာတွင် ထိုဆိုင်းငံ့ကာလသည် အကျိုးအကြောင်း ဆက်နွှယ်မှုအရ လိုအပ်သည်ထက် ပိုမို၍မကြန့်ကြာစေရဘဲ ထိုအဖြစ်အပျက်ကိုလည်း မလွန်ဆန်နိုင်သော ဖြစ်ရပ်ခံရသူက အမြန်ဆုံးဖြစ်နိုင်သမျှ ဖယ်ရှားပစ်ရမည်။

၁၉။ စာချုပ်အားပြင်ဆင်ဖြည့်စွက်ခြင်း

ဤစာချုပ်အား နှစ်ဦးနှစ်ဖက်စာဖြင့် သဘောတူညီမှုမရရှိပဲ၊ ပြင်ဆင်ဖြည့်စွက်ခြင်း လုံးဝမပြုလုပ်ရ။ သို့သော် ခိုင်မာသော ကိစ္စတစ်ရပ်ရပ်ကြောင့် ဤစာချုပ်ကို ပြင်ဆင်ရန် လိုအပ်ပါက၊ နှစ်ဦးနှစ်ဖက်စာဖြင့် သဘောတူညီမှုရယူ၍ လိုအပ်သလို ပြင်ဆင်ဖြည့်စွက်နိုင်သည်။ ဤစာချုပ်အား ပြင်ဆင်ဖြည့်စွက်ချက် အရပ်ရပ်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။

၂၀။ မြေပြန်လည်လွှဲပြောင်းပေးအပ်ခြင်း

(က) စာချုပ်သက်တမ်းနှစ်(၃၀)ကုန်ဆုံးသည့်အခါ သို့မဟုတ် နှစ်ဦးနှစ်ဖက် သဘောတူညီပြီး နောက်ထပ်တစ်ကြိမ်လျှင် (၁၀)နှစ်နှင့် ဆက်တိုက်(၂)ကြိမ် သက်တမ်းတိုးကာလကုန်ဆုံးသည့်အခါ ငှားရမ်းထားသည့်မြေကို အငှားချထားသူသို့ အငှားချထားခြင်းခံရသူက ငှားရမ်းစဉ်အခြေအနေကထက် မနိမ့်ကျဘဲ စာချုပ်သက်တမ်း ကုန်ဆုံးပြီး (၃၀)ရက်အတွင်း အဖိုးစားနားမဲ့လွှဲပြောင်းပေးရမည်။

(ခ) မြေများသည် နိုင်ငံတော်ပိုင်ဖြစ်သည့်အတွက် နိုင်ငံတော်မှ လိုအပ်လျှင် အချိန်မရွေး ပြန်လည်ရယူနိုင်သည်။

၂၁။ အနုညာတစီရင်ဆုံးဖြတ်ခြင်း/ အငြင်းပွားမှုဖြေရှင်းခြင်း

ဤသဘောတူစာချုပ်နှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက နှစ်ဦးနှစ်ဖက် ပြေလည်စွာ ညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ဖြေရှင်း၍မရပါက၊ ထိုအငြင်းပွားမှုကို ၂၀၁၆ ခုနှစ်၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ရမည်။ အနုညာတစီရင် ဆုံးဖြတ်မည့်နေရာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နေပြည်တော် ဖြစ်စေရမည်။ အမှုအတွက် ကုန်ကျစရိတ်များကို အမှုရှုံးသူက ကျခံရမည်။

၂၂။ စာပေးစာယူပြုလုပ်ရန်လိပ်စာများ

"အငှားချထားခြင်းခံရသူ"နှင့် "အငှားချထားသူ"တို့အကြားဆက်သွယ်ခြင်း၊ အကြောင်းကြားစာပေးပို့ခြင်းများကို အောက်ပါလိပ်စာအတိုင်းလိပ်မူရမည်။ လိပ်စာပြောင်းလဲခြင်းရှိပါက တစ်ဖက်သို့ ချက်ချင်းအသိပေးအကြောင်းကြားရမည်။

<u>"အငှားချထားသူ" အတွက်</u>	<u>"အငှားချထားခြင်းခံရသူ" အတွက်</u>
ညွှန်ကြားရေးမှူးချုပ် သစ်တောဦးစီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန နေပြည်တော်	(ဇော်မင်းသန့်) ၁၂/မဂတ(နိုင်) ၀၈၂၂၃၄ အခန်း(၆)၊ တိုက်(ခ)၊ သဇင်လမ်း၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၃။ လွှဲပြောင်း၍ မရနိုင်သော အခွင့်အရေးများ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ လွှဲပြောင်း၍မရနိုင်သော နိုင်ငံတော်၏ မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများကို တစ်ဦးတည်းပိုင်ဆိုင်ခွင့်နှင့် မူလဘူတ အခွင့်အရေး ကျင့်သုံးခြင်းကို စာချုပ်ဝင်များ၏အနုညာတဖြေရှင်းရန်တင်ပြသည့် သဘောတူညီချက် အပါအဝင် ဤစာချုပ်ပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှတားမြစ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း မပြုနိုင်။

၂၄။ အထွေထွေ

(က) ဤစာချုပ်သည် ယခင်က အချင်းချင်းသဘောတူညီချက်များ၊ နားလည်မှုများ အားလုံးကို လွှမ်းမိုးစေရမည်။

(ခ) စာချုပ်၏ နောက်ဆက်တွဲများ၊ ပုံစံများ၊ စာရင်းဇယားများ၊ မြေပုံများ အားလုံးသည် ဤစာချုပ်၏ တစ်စိတ်တစ်ဒေသဖြစ်စေရမည်။

အထက်ပါ စည်းကမ်းချက်များကို နားလည်သဘောတူ လက်ခံကြသည့်အတိုင်း စာချုပ်ဝင်နှစ်ဦးနှစ်ဖက်တို့သည် နေပြည်တော်၌ အထက်တွင်ဖော်ပြထားသည့် (xx) ရက်၊ xxxလ၊ ၂၀xx ခုနှစ်တွင် အောက်ပါအသိသက်သေ လူကြီးများရှေ့၌ မိမိတို့၏ တံဆိပ်တုံးများ ရိုက်နှိပ်လျှက် လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည်။

<u>အငှားချထားသူ (ကိုယ်စား)</u>

လက်မှတ် -
အမည် -
ရာထူး -
ဌာန -

(အသိသက်သေ)

လက်မှတ် -
အမည် -
ရာထူး -
ဌာန -

<u>အငှားချထားခြင်းခံရသူ(ကိုယ်စား)</u>

လက်မှတ် -
အမည် - (ဇော်မင်းသန့်)
ရာထူး - အုပ်ချုပ်မှုဒါရိုက်တာ
မှတ်ပုံတင်အမှတ် - ၁၂/မဂတ(နိုင်) ဝ၈၂၂၃၄
နေရပ်လိပ်စာ - အခန်း(၆)၊ တိုက်(ခ)၊ သဇင်လမ်း၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(အသိသက်သေ)

လက်မှတ် -
အမည် -
မှတ်ပုံတင်အမှတ် -
နေရပ်လိပ်စာ -

သစ်တောမြေအတွင်း လမ်းခင်းကျောက် တူးဖော်ခွင့်စာချုပ်

စာချုပ်အမှတ် ၊ ၂၂/၂၀၁၈

(လမ်းခင်းကျောက်)

ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ(၂၂)ရက်

မြန်မာနိုင်ငံတော်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဇော်မင်းသန့်၊ မှတ်ပုံတင်အမှတ်၊ ၁၂/မဂတ(နိုင်)၀၈၂၂၃၄ တို့မှ ဤစာချုပ်ကို ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ(၂၂)ရက်နေ့တွင် ကြိုးဝိုင်းတောအတွင်း လမ်းခင်းကျောက်ထုတ်လုပ်ခွင့်နှင့်စပ်လျဉ်း၍ ပူးတွဲပါစည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးကြပါသည်။

ကျောက်တူးဖော်မည့်

(က) ပြည်နယ်/တိုင်း — မွန် ခရိုင် သထုံ မြို့နယ် ပေါင်

(ခ) ကြိုးဝိုင်း — ကုလားမတောင် ကြိုးဝိုင်း အကွက်အမှတ် ၅၉

(ဂ) ထုတ်လုပ်မည့်ပမာဏ(ဧက/ကျင်းပေါင်း) — (၅၀)ဧက၊ ကျောက်ကျင်း(၆"×၉")(၃၀၀၀)ကျင်း နှင့် Chipping (၂၀၀၀)ကျင်း၊ စုစုပေါင်း (၅၀၀၀)ကျင်း

(ဃ) ကာလ — (၁၀-၁၂-၂၀၁၇) မှ (၉-၁၂-၂၀၁၈)ထိ

(င) အဖွဲ့အစည်း/ပုဂ္ဂလိက အမည်- **ဦးဇော်မင်းသန့် (ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက်)**

(လုပ်ကိုင်ခွင့်ရသူ)		(ခွင့်ပြုသူ)	
		ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)	
လက်မှတ်		လက်မှတ်	22/1/18
အမည်	ဦးဇော်မင်းသန့်	အမည်	ဦးမင်းသိန်းမြင့်
မှတ်ပုံတင်အမှတ်	၁၂/မဂတ(နိုင်)၀၈၂၂၃၄	ရာထူး	ညွှန်ကြားရေးမှူး
အလုပ်အကိုင်	အုပ်ချုပ်မှုဒါရိုက်တာ ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက်	ဌာန	သစ်တောဦးစီးဌာန၊မွန်ပြည်နယ် ၂၂/၁
နေရပ်	အမှတ်(၁၁၇/၁၁၉)၊ဂိုလ်ဒင်းဂိတ်တာဝါ အထက်ပုဇွန်တောင်လမ်းမကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့		

(အသိသက်သေ)		(အသိသက်သေ)	
လက်မှတ်		လက်မှတ်	22/1/2018
အမည်	ဦးငွေသိန်း	အမည်	ဦးအေးနိုင်
မှတ်ပုံတင်အမှတ်	၁၀/မလမ(နိုင်)၀၄၄၇၇၃	ရာထူး	လက်ထောက်ညွှန်ကြားရေးမှူး
အလုပ်အကိုင်	ရုံးအုပ်ကြီး ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက်	ဌာန	သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၊မွန်ပြည်နယ်

(၁၅) ကျောက်ထုတ်လုပ်မည့် စာရင်းဇယားများကို ထုတ်လုပ်သူမှ စနစ်တကျပြုစုထားရှိပြီး လစဉ် ထိုးတွက်မှုကို နောက်လ ပထမပတ်အတွင်း သက်ဆိုင်ရာ မြို့နယ်ဦးစီးအရာရှိထံ တင်ပြရမည်။

(၁၆) ကျောက်ထုတ်လုပ်မည့် စာရင်းဇယားများနှင့် ထုတ်လုပ်သည့် နေရာဒေသကို သစ်တောဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအား အချိန်မရွေးဝင်ရောက်စစ်ဆေးခွင့် ပြုရမည်။

(၁၇) ချုပ်ဆိုခဲ့သောစာချုပ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ကျောက်တူးဖော်သူ ဦးဇော်မင်းသန့်၊ ၁၂/မဂတ(နိုင်)၀၈၂၂၃၄ တို့နှင့်သာ သက်ဆိုင်စေရမည်။

(၁၈) ဖော်ပြပါစည်းကမ်းချက် တစ်စုံတစ်ရာကို ချိုးဖောက်ပါက လုပ်ကိုင်ခွင့် ရုတ်သိမ်းခြင်းခံရမည်။

	22/1/18.
(ဇော်မင်းသန့်)	(မင်းသိန်းမြင့်)
၁၂/မဂတ(နိုင်)၀၈၂၂၃၄	ညွှန်ကြားရေးမှူး
အုပ်ချုပ်မှုဒါရိုက်တာ	သစ်တောဦးစီးဌာန၊မွန်ပြည်နယ်
ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီ	၂/၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

သစ်တောဦးစီးဌာန

နေပြည်တော်

စာအမှတ်၊ ၇၇၈ - ၇၈၀ /စ(ဓ)၄

ရက် စွဲ ၊ ၂၂ - ၁ - ၂၀၁၈

သို့

လက်ထောက်ညွှန်ကြားရေးမှူး

သစ်တောဦးစီးဌာန

မော်လမြိုင်-သထုံခရိုင်

အကြောင်းအရာ။ လမ်းခင်းကျောက်ထုတ်လုပ်ရန်အတွက် သက်တမ်းတိုးလျှောက်ထားခွင့်ပြုပါရန်တင်ပြလျှောက်ထားခြင်းကိစ္စ

ရည် ညွှန်း ချက်။ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ မော်လမြိုင်-သထုံခရိုင်၏ ၂၂-၁-၂၀၁၈ရက်စွဲပါစာအမှတ်၊ ၇၇၅-၇၆/စ(ဂ)၁

၁။ နေပြည်တော်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ်(၅၉)အတွင်းရှိ မြေဧရိယာ(၅၀)ဧက မှ (၁၀-၁၂-၂၀၁၇)မှ (၉-၁၂-၂၀၁၈)ထိ လမ်းခင်းကျောက်အမျိုးအစား(6"×9") (၃၀၀၀)ကျင်း၊ Chipping (၂၀၀၀)ကျင်း၊ စုစုပေါင်း(၅၀၀၀)ကျင်းအား ဦးဇော်မင်းသန့်၊ အုပ်ချုပ်မှုဒါရိုက်တာ၊ ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက်နှင့် ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူးတို့မှ စာချုပ်ချုပ်ဆို ပြီးဖြစ်၍ စာချုပ်(၁)စောင်ပူးတွဲ ပေးပို့ပါသည်။

၂။ သို့ဖြစ်ပါ၍ လမ်းခင်းကျောက်(၅၀၀၀)ကျင်း ထုတ်လုပ်ခွင့်ရရှိသူမှ လိုက်နာရမည့် စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး ကြီးကြပ်စစ်ဆေးဆောင်ရွက်ရန်နှင့်လစဉ် လုပ်ငန်းတိုးတက်မှုအား တင်ပြရန် အကြောင်းကြားပါသည်။

22/1/18

(မင်းသိန်းမြင့်)

ညွှန်ကြားရေးမှူး

မိတ္တူကို

ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ သထုံမြို့နယ်

ဦးဇော်မင်းသန့်၊ အုပ်ချုပ်မှုဒါရိုက်တာ၊ ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက် ထံသိသာရန်နှင့် စာချုပ် စည်းကမ်းချက်အတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် လစဉ်ထုတ်လုပ်မှုအား တင်ပြရန် အကြောင်းကြားပါသည်

မျှောစာတွဲ

ရုံးလက်ခံ

SSS

စည်းကမ်းချက်များ

(၁) သစ်တောမြေအတွင်း ကျောက်တူးဖော်ထုတ်လုပ်ခွင့်ရသူသည် ကျောက်တစ်ကျင်း၏ ဒေသပေါက်ဈေး(၂၅)%ကို အခွန်တော်အဖြစ် သစ်တောဦးစီးဌာနသို့ ပေးသွင်းရမည်။

(၂) သစ်တောမြေအတွင်း ကျောက်တူးဖော်ထုတ်လုပ်ခွင့်ရသူသည် လုပ်ငန်း အာမခံငွေ (၁)ဧကလျှင် ကျပ်ငါးသောင်းတိတိ)(၅၀၀၀၀/-)နှုန်းဖြင့် သစ်တောဦးစီးဌာနသို့ ပေးသွင်းရမည်။

(၃) အခွန်တော်ငွေ ပေးသွင်းခြင်းကို စာချုပ်ချုပ်ဆိုသည့်နေ့တွင် ပေးသွင်းရမည်။

(၄) ကျောက်တူးဖော်မည့် ဧရိယာကို ထင်ရှားသော နယ်နိမိတ်သတ်မှတ်ရန်နှင့် ကုန်ကျစရိတ်ကို လုပ်ကိုင်ခွင့်ရသူမှ ကျခံရမည်။

(၅) လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာကို လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း မပြုလုပ်ရ။ ကိုယ်တိုင်လုပ်ကိုင်လိုခြင်းမရှိလျှင် သစ်တောဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

(၆) ကျောက်တူးဖော်ခြင်းကြောင့် ကျင်း၊ ချိုင့်များ ဖြစ်ပေါ်လာပါက သစ်ပင်ပြန်လည် စိုက်ပျိုးသင့်သည့် နေရာများတွင် သစ်ပင်ပြန်လည်စိုက်ပျိုးနိုင်သည်အထိ မြေဖို့ပြီး သစ်ပင် ပြန်လည်စိုက်ပျိုးပေးရန်၊ သစ်ပင်စိုက်ပျိုးရာတွင် လုပ်ငန်းဆောင်ရွက်မည့် မြေဧရိယာ၏ (၂၀%)ကို ရေမြေထိန်းသိမ်းရေး သစ်တောစိုက်ခင်းတည်ထောင်ရန်နှင့် စိုက်ပျိုးသည့် ကုန်ကျစရိတ်ကို လုပ်ကိုင်ခွင့်ရသူမှ ကျခံရမည်။

(၇) ရေမြေထိန်းသိမ်းရေး သစ်တောစိုက်ခင်းတည်ထောင်စိုက်ပျိုးရန် ပျက်ကွက်ပါက လုပ်ငန်း အာမခံငွေအား ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

(၈) ချောင်းကမ်းပါးအနီးတွင်တူးဖော်ရာ၌ Soil Conservation Measure များကိုလည်း လိုအပ်သလို ဆောင်ရွက်ရန်၊

(၉) EMP ပါအတိုင်းလိုက်နာဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရန်။

(၁၀) ကျောက်တူးဖော်ခွင့်ပြုထားသည့် ဧရိယာအတွင်း၌သော်လည်းကောင်း၊ အပြင်၌ သော်လည်းကောင်း သစ်ပင်ခုတ်လှဲခြင်းမပြုလုပ်ရန်၊ မလွှဲမရှောင်သာ၍ ခုတ်လှဲရန်လိုအပ်ပါကသစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်။

(၁၁) သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်အရ ခုတ်လှဲပြီးသော သစ်ပင်များကို အသုံးပြုလိုပါက သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသော ဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲရမည်။

(၁၂) ကျောက်တူးဖော်သည့် လုပ်ငန်းဆောင်ရွက်စဉ် နေထိုင်ရန် ယာယီနေအိမ်၊ တဲများမှအပ အခြားအခိုင်အမာ အဆောက်အအုံများ ဆောက်လုပ်ခြင်း မပြုရ။

(၁၃) ကြိုးဝိုင်းအတွင်း ကျောက်တူးဖော်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သဖြင့် ထိခိုက်မှုအနည်းဆုံးဖြစ်မည့် ပေါက်ကွဲစေတတ်သော ပစ္စည်းများသာအသုံးပြု၍ တူးဖော်ရန်။

(၁၄) လုပ်ကိုင်ခွင့်ရသည့်မြေကို ကျောက်တူးဖော်ခြင်းလုပ်ငန်း မှတပါး အခြားစီးပွားရေး လုပ်ငန်းများအတွက် အသုံးမပြုရ။

ပြည်ထောင်စုဝန်ကြီးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ ၁၃-၁၁-၂၀၁၅ရက်စွဲပါစာအမှတ်၊ ၄(၁)/ဝ၉(ချ)(၃)/(၁၁၉ဝ/၂ဝ၁၅)နှင့် သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၏ ၁၉-၁၁-၂ဝ၁၅ ရက်စွဲပါစာအမှတ်၊ စီမံကိန်း/သတ္တု/(၂၂၆၁၇-၂၃/၁၅)။ ပြည်ထောင်စုဝန်ကြီးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ ၂၈-၃-၂ဝ၁၆ရက်စွဲပါစာ အမှတ်၊ ၄(၁)/ဝ၉(EC)(၃)/(၆၂၄/၂ဝ၁၆)၊ သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၏ ၂၉-၃-၂ဝ၁၆ရက်စွဲ ပါစာအမှတ်၊စီမံကိန်း/သတ္တု/(၇ဝ၃၄-၃၈/၂ဝ၁၆)။ ပြည်ထောင်စုဝန်ကြီးရုံး၊သယံဇာတနှင့်ပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၁-၆-၂ဝ၁၇ ရက်စွဲပါစာအမှတ်၊ (သစ်တော)၄(၁)/ဝ၉(ချ)(၃)/ (၉၆၇/၂ဝ၁၇)နှင့် သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၏ ၁၃-၆-၂ဝ၁၇ရက်စွဲပါစာအမှတ်၊ စီမံကိန်း/ သတ္တု/(၁ဝ၈၁၇-၂ဝ/၁၇) နှင့် သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၏ ၃-၁-၂ဝ၁၈ရက်စွဲပါစာအမှတ်၊ စီမံကိန်း/သတ္တု/(၁၄၅-၄၇/၁၈) တို့အရ ခွင့်ပြုချုပ်ဆိုသည်။

လုပ်ငန်းအာမခံငွေ တစ်ဧကလျှင် (၅ဝဝဝဝ/-)နှုန်းဖြင့် (၁ဝဝ)ဧကအတွက် (၅ဝဝဝဝဝဝ/-) (ကျပ်သိန်းငါးဆယ်တိတိ)ကို မော်လမြိုင်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ချလံအမှတ်(၁၆/၃ဝ-၅-၂ဝ၁၃) ဖြင့် MD -010756 သို့ ပေးသွင်းပြီးဖြစ်ပါသည်။

၁ဝ-၁၂-၂ဝ၁၇ရက်နေ့မှ ၉-၁၂-၂ဝ၁၈ရက်နေ့အထိ (၁)နှစ်အတွင်း တူးဖော်မည့် ကျောက်ကြီး (၆"×၉")ကျင်း (၃ဝဝဝ)ကျင်းအတွက် ကျောက်(၁)ကျင်းလျှင်(၂၅ဝဝ/-)နှုန်းဖြင့် အခွန်တော်ငွေကျပ် (၇၅ဝဝဝဝဝ/-) နှင့် Chipping ကျောက်ကျင်း(၂ဝဝဝ)ကျင်းအတွက် ကျောက်(၁)ကျင်းလျှင် (၃၂၅ဝ/-)နှုန်းဖြင့် အခွန်တော်ငွေကျပ် (၆၅ဝဝဝဝဝ/-)၊ စုစုပေါင်းအခွန်တော်ငွေကျပ် (၁၄ဝဝဝဝဝဝ/-) (ကျပ်တစ်ရာလေးဆယ်သိန်းတိတိ)ကို သထုံမြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ချလံ အမှတ်၊ (၃၉/၁၅-၁-၂ဝ၁၈) ဖြင့် MD-020919 သို့ ပေးသွင်းပြီး ဖြစ်ပါ သည်။

UAB
United Amara Bank

Head Office : Bank Development Zone,No(3), Corner of Kyaing Tone Rd & Mawlamyaing Rd,Oaktaya Thiri Tsp, NayPyiTaw.
Yangon Office: No.(520 .A/4), Kabar Aye Pagoda Rd, Bahan Tsp, Yangon, Myanmar. Tel: 01 8603009~18, Fax: 01 8603241

United Amara Bank Ltd * Pazundaung (Yae Kyaw) Branch *

Date : 25/01/2018

To

036070100001714

SHWE MYINT MO TUN (STONE MANUFACTURING CO.,LTD)

We hereby certify that the balance standing at the Credit of the account of SHWE MYINT MO TUN (STONE MANUFACTURING CO.,LTD) A/C No:036070100001714 with UNITED AMARA BANK at the close of the business on the 25/Jan /2018 was MMK 930,000,000(Nine Hundred Thirty Million) Only.

Yours faithfully,

25.1.18

(Manager)

ACCOUNTS DEPARTMENT
Pazundaung (Yae Kyaw)Branch
United Amara Bank Ltd.

T.F. No.1 **NOTE - To be prepared by the payer in duplicate.** Art. 5, C.A.C.

မှတ်ရန်အချက်၊ ၊ ငွေပေးသွင်းသူက မိတ္တူနှစ်စောင်ရေးသွင်းရမည်၊

ချလန်နံပါတ်	**Chalan No.** **Credit.**
[illegible] မြို့နယ်အရာရှိ	To
[illegible] အတွက်၊	**THE TREASURY OFFICER**
[illegible] ကျောင်းမှာနေရှိသည့်	
ငွေပေါင်း(စာဖြင့်) [illegible]	PLEASE receive the sum of Kyat (*in words*) [illegible]
[illegible] ငွေ (ဂဏန်းဖြင့်) ၂၄,၀၀၀၀၀၀	(*in figures*)
ကိုလက်ခံပါမည့်အကြောင်း၊	being the amount payable by
[illegible] အာကာအခရပေးပါကြောင်း၊	on account of *
[illegible] မြို့	Authority under which payment is made is
	STATION :
၁၇.၁.၂၀၁၈ နေ့စွဲ၊ ငွေပေးသွင်းသူ၏ လက်မှတ်၊	*Dated.* 20 *Signatures of the payer.*

Examined and entered.

Treasurer. *Head Accountant*

Received the sum of kyat (*inwords*)

K (*in figures*) on the above account

STATION :

Dated. *Treasurer.* *Head Accountant* *Treasury officer.*

* Full details should be given. If on account of previous payment, the month, date of payment, number of voucher, etc should also be stated.

* အကြောင်းအရာများကို ပြည့်စုံစွာရေးသည့်ရမည်၊ အလျင်က ထုတ်ပေးထားသည့်ငွေအတွက်ဖြစ်လျှင်၊ ထိုသို့ ထုတ်ပေးသည့် ဘောက်ချာနံပါတ်လနှင့် နေ့ရက် စသည်တို့ကို ရေးသည့်ရမည်၊

M 02 1919

THATON RECEIVED DEPT

မြန်မာ့စီးပွားရေးဘဏ် ... သထုံမြို့

ပြည်ထောင်စုမြန်မာနိုင်ငံ

UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း

REVENUE STAMP

၇၅ ကျပ် ငွေခုနစ်ဆယ်ငါးကျပ် K 75

မွန်ပြည်နယ် ပေါင်မြို့နယ် ခရိုင်ချင်းဆက်လမ်း အပိုင်းတွင် လမ်းပြုပြင်ခြင်း၊ တံတားများ ပြုပြင်ခြင်း လုပ်ငန်းများ လုပ်ကိုင်ရန် သဘောတူကတိစာချုပ်

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ညွှန်ကြားရေးမှူး ဦးအေးဆွေ(ဤမှနောင်တွင် "လုပ်ငန်းအပ်နှံသူ" ဟု ရည်ညွှန်းခေါ် ဆိုမည်ဖြစ်ရာ ယင်းစကားရပ်တွင် မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ အခွင့်အရေးများကို စဉ်ဆက်မပြတ်ဆက်ခံကျင့်သုံးသူများဥပဒေအရ ခွင့်ပြုထားသည့် တရားဝင်ကိုယ်စားလှယ် အဖွဲ့များအပါအဝင်)ကတစ်ဖက်နှင့်

ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးထိန်လင်း{နိုင်ငံသားစိစစ်ရေးကတ်အမှတ်၁၀/မလမ(နိုင်)၁၀၀၁၄} ကိုယ်စားပြုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေအရဖွဲ့စည်းထားသော ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက်(ဤမှနောင်တွင် "လုပ်ငန်းလက်ခံသူ" ဟု ရည်ညွှန်းခေါ် ဆိုမည်ဖြစ်ရာ ယင်းစကားရပ်တွင် [illegible] လုပ်ပိုင်ခွင့်၊ အခွင့်အရေးများကို စဉ်ဆက် မပြတ်ဆက်ခံကျင့်သုံးသူများဥပဒေအရ ခွင့်ပြုထားသည့် [illegible]ကိုယ်စားလှယ်အဖွဲ့များ အပါအဝင်) အခြားတစ်ဖက် တို့သည်-

[illegible]မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် ၂၀၁၃ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် အောက်ပါစည်းကမ်း ချက်များအတိုင်း [illegible]သည်ပေါ် ဆောင်ရွက်ရန် ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

စာချုပ်ချုပ်ဆိုခြင်း


၁။ မွန်ပြည်နယ် ပေါင်မြို့နယ် ဆင်ရွာကျေးရွာအနီးရှိ ကုလားမတောင် သစ်တောကြိုးဝိုင်းမှ ကျွဲမြံ မုဒ္ဒုမသို့ သွားရာ ပေါင်မြို့နယ် ခရိုင်ချင်းဆက်လမ်းကို အသုံးပြု၍ လမ်းခင်းကျောက် ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက် နေသည့် ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက်နှင့် ရာမညယူနိုက်တက်ကုမ္ပဏီလီမိတက်တို့မှ အဆိုပါလမ်းအပိုင်းတွင် ဆောင်ရွက်မည့်လုပ်ငန်းများမှာ အောက်ပါလုပ်ငန်းများ ဖြစ်ပါသည်။

(က) ပေါင်မြို့နယ် ခရိုင်းချင်းဆက်လမ်းဆင်ရွာမှ မုဒ္ဒုမ - ကျွဲမြံ လမ်း၏မိုင်တိုင် ၃/၀ မှ ၁၆/၀ အထိ လမ်းအပိုင်း မူလ ၁၂ပေအကျယ်ရှိ ကတ္တရာလမ်း အားပြုပြင်ခြင်း၊ ထပ်ပိုးလွှာတင်ခြင်း၊

(ခ) မိုင်တိုင် ၄/၀ မှ ၁၄/၀ထိ လမ်းအပိုင်း တစ်ဖက် ၂ ပေစီတိုးချဲ့ ကတ္တရာခင်းခြင်း၊

(ဂ) အဆိုပါလမ်းအပိုင်းရှိ တံတားများအား ပျဉ်းကတိုးသစ်ဖြင့် ပြုပြင်ရန်။

(ဃ) စာချုပ်ခိုင်မာမှုအတွက် ချုပ်ဆိုစရိတ်များအား ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီမှ ကျခံရန်ဖြစ်ပါသည်။



လုပ်ငန်းအပ်နှံသူ၏ တာဝန်နှင့်အခွင့်အရေးများ

၂။ လုပ်ငန်းအပ်နှံသူ၏ တာဝန်နှင့်အခွင့်အရေးများမှာ-

(က) လုပ်ငန်းလက်ခံသူက အပိုဒ် ၁ (က)(ခ)ပါလမ်းအပိုင်းပြုပြင်ရာတွင်အသုံးပြုမည့် ကတ္တရာဝယ်ယူရရှိရေးအတွက် မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ကူညီဆောင်ရွက်ပေးရမည်၊

(ခ) လမ်းလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သော လမ်းကြိတ်စက် ငှားရမ်းရရှိရေးအတွက် ကူညီဆောင်ရွက်ပေးရမည်၊

(ဂ) လမ်းလုပ်ငန်းများပြုပြင်ခြင်း၊ တံတားများပြုပြင်ခြင်းများ ကြီးကြပ်ရန် အငယ်တန်းအင်ဂျင်နီယာ တစ်ဦး၊ ကူညီဆောင်ရွက်ပေးရမည်၊

(ဃ) လုပ်ငန်းအရည်အသွေးစံချိန်စံညွှန်းနှင့်ပတ်သက်၍ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ အင်ဂျင်နီယာဌာန အရည်အသွေးစစ်ဆေးရေးအဖွဲ့ Quality Control Team မှစိစစ်ပြီး၊ လုပ်ငန်းတိုးတက်မှုကို Work Done အဖွဲ့မှ စိစစ်ရမည်။

လုပ်ငန်းလက်ခံသူ၏ တာဝန်နှင့်အခွင့်အရေးများ

၃။ လုပ်ငန်းလက်ခံသူ၏ တာဝန်နှင့် အခွင့်အရေးများမှာ-

(က) အထက်အပိုဒ်(၁)(က)(ခ)(ဂ)ပါ လုပ်ငန်းများ၏ အရည်အသွေး၊ စံချိန်စံညွှန်း၊ လုပ်ငန်းတိုးတက်မှုများကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ စိစစ်အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(ခ) လမ်းလုပ်ငန်းများပြုပြင်ခြင်း၊ တံတားများပြုပြင်ခြင်းများ ကြီးကြပ်ရန် ကူညီဆော[illegible]ရွက်ပေးသည့် အငယ်တန်း အင်ဂျင်နီယာ၏ စားသောက်/သွားလာရေးကို စီစဉ်ဆောင်ရွက်ပေးရမည်၊

(ဂ) မလွန်ဆန်နိုင်သော သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရခြင်းကြောင့် လုပ်င[illegible] အကောင်အထည်ဖော်၍ မရလျှင် နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်ရမည်၊

(ဃ) လုပ်ငန်းလက်ခံသူမှ ဆောင်ရွက်နေသည့် လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း[illegible]အား ဆက်လက်ဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံ
UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၇၅ကျပ် ငွေခုနှစ်ဆယ်ငါးကျပ် K75

K 300

ခြင်းမရှိဘဲ ရပ်ဆိုင်းခဲ့လျှင် လမ်းခင်းကျောက်ထုတ်လုပ်ရာတွင် အသုံးပြုသည့် ပေါင်မြို့နယ်ခရိုင်ချင်းဆက်လမ်း အပိုင်းရှိ အပိုဒ် ၁(က)(ခ)(ဂ)ပါ ပြုပြင်ပြီးအနေအထားအတိုင်း မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ပေါင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ပြန်လည်အပ်နှံရမည်။

၄။ ဤသဘောတူစာချုပ် ချုပ်ဆိုဆောင်ရွက်ခြင်းသည် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၏(၉. ၃. ၂၀၁၃)ရက်စွဲပါ စာအမှတ်၊ ၂၀၀/ ၃-၃/ ၀ခ၅(မွန်)အရ ပေါင်မြို့နယ်၊ ခရိုင်ချင်းဆက်လမ်း မိုင်တိုင် ၃/၀ မှ ၁၆/ ၀အထိ လမ်းအသုံးပြုခြင်းအတွက် ချုပ်ဆိုခြင်းဖြစ်ပြီး ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် သက်ဆိုင်ခြင်းမရှိကြောင်း စာချုပ်ချုပ်ဆိုသူ နှစ်ဦးနှစ်ဖက်တို့မှသိရှိစေရမည်။

၅။ အောက်ပါလိပ်စာအတိုင်း အကြောင်းကြား ဆက်သွယ်ဆောင်ရွက်မှု ပြုရမည်-

လုပ်ငန်းအပ်နှံသူ	လုပ်ငန်းလက်ခံသူ
ဦးအေးဆွေ (ဖ၁ ဦး မှန် ဆင်)	ဦးထိန်လင်း (ဖ၁ ဦး ထွန်ဝင်း)
ညွှန်ကြားရေးမှူး	၁၀/မလမ(နိုင်)၁၀၄၀၉၄
ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊	အုပ်ချုပ်မှုဒါရိုက်တာ၊ ရွှေမြင့်မိုရ်ထွန်း
မွန်ပြည်နယ်၊ မော်လမြိုင်မြို့	ကုမ္ပဏီလီမိတက်

၆။ ဤစာချုပ်ပါ အချက်အလက်များကို ချုပ်ဆိုသူတို့က ဖတ်ရှုသိရှိနားလည်ကြပြီး မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရ အောက်ပါအသိသက်သေများရှေ့တွင် လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည်-


ဦးအေးဆွေ (၂/ဖရဆ (နိုင်) ၀၀၇၇၁၀)	ဦးထိန်လင်း
ညွှန်ကြားရေးမှူး	၁၀/မလမ(နိုင်)၁၀၄၀၉၄
ပြည်နယ်စည်ပင်သာယာရေးအဖွဲ့	အုပ်ချုပ်မှုဒါရိုက်တာ၊ ရွှေမြင့်မိုရ်ထွန်း
မွန်ပြည်နယ်၊ မော်လမြိုင်မြို့	ကုမ္ပဏီလီမိတက်
(လုပ်ငန်းအပ်နှံသူ)	(လုပ်ငန်းလက်ခံသူ)

၁။ ညွှန်ကြားရေးမှူးချုပ်ရုံး၊သစ်တောဦးစီးဌာန၏၃-၁-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ စီမံကိန်း/သတ္တု/ (၁၄၅-၄၇ / ၁၈)

၂။ ညွှန်ကြားရေးမှူးရုံး၊သစ်တောဦးစီးဌာန၊ မွန်ပြည်နယ်၏ ၉-၁-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၂၇၅ - ၇၇ / စ(ဓ) ၄ တို့ဖြင့် ခွင့်ပြုချက်အရ ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီ မှ ပေါင်မြို့နယ်၊ ကုလားမ တောင်ကြိုးဝိုင်း အကွက်အမှတ်(၅၉) အတွင်း ရှိ ခွင့်ပြုမြေဧရိယာ (၅၀) ဧကေ မှ ထုတ်လုပ်ခွင့်ပြုသည့် အောက်ဖော်ပြပါ လမ်းခင်းကျောက် အမျိုးအစား အလိုက် ကျောက်ကျင်း တစ်ကျင်းလျှင် ဒေသပေါက် ဈေး (၂၅%)ဖြင့် အခွန်ငွေများ ပေးသွင်းခြင်း

စဉ်	ကျောက်ကျင်းအမျိုးအစား	အရေအတွက်(ကျင်း)	ဒေသပေါက်ဈေး	၂၅%ဖြင့်ပေးသွင်းရမည့်အခွန်ငွေ
၁	၆ " × ၉ "	၃၀၀၀ ကျင်း	၁၀၀၀၀/-	၇၅၀၀၀၀၀/-
၂	၁ "× ၂ " (Chipping)	၂၀၀၀ ကျင်း	၁၃၀၀၀/-	၆၅၀၀၀၀၀/-
	ပေါင်း	၅၀၀၀ ကျင်း		၁၄၀၀၀၀၀၀/-

ပေါင်မြို့နယ်၊ သစ်တောဦးစီးဌာန၊ ကုလားမတောင်သစ်တောကြိုးဝိုင်း၊ အကွက်အမှတ်(၅၉)အတွင်း
ရွှေမြင့်မိုရ်ထွန်း ကုမ္ပဏီလီမိတက်မှ လမ်းခင်းကျောက် ထုတ်လုပ်ခွင့်ရ
မြေဧရိယာ(၅၀.၀၀)ဧကအား မြေတိုင်းမြေပုံ



No	Station	Line	FB	BB	Distance (Chain)
1	A	AB	210°	30°	13
2	B	BC	230°	50°	10
3	C	CD	270°	90°	15
4	D	DE	10°	190°	14
5	E	EF	90°	270°	15
6	F	FG	360°	180°	16
7	G	GH	55°	235°	10
8	H	HA	165°	345°	18

ဦးစီးအရာရှိ
သစ်တောဦးစီးဌာန၊ သထုံမြို့

(သန်းဝင်း)
တောအုပ်ကြီး
သစ်တောဦးစီးဌာန
ပေါင်မြို့

တောအုပ်
သစ်တောဦးစီးဌာန
ပေါင်မြို့နယ်

ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်း၊ အကွက်အမှတ်(၅၉)အတွင်း၊
ရွှေမြင့်မိုရ်ထွန်း ကုမ္ပဏီလီမိတက်မှ လမ်းခင်းကျောက်ထုတ်လုပ်ခွင့်ရ
မြေဧရိယာ(၅၀.၀၀)ဧက၏တည်နေရာပြမြေပုံ

N



ရည်ညွှန်းချက်

- ကြိုးဝိုင်းနယ်နမိတ်
- အကွက်နယ်နမိတ်
- ချောင်း/မြောင်း
- လှည်းသွားလမ်း
- ကျောက်ထုတ်လုပ်ခွင့်ရဧရိယာ(၅၀.၀၀)ဧက၏တည်နေရာ

မြေပုံအမှတ်- 94H - 2 + 6 /10
နံမှန်းမြေပုံညွှန်း- N-103198

(သန်းဝင်း)
တောအုပ်ကြီး
သစ်တောဦးစီးဌာန
ပေါင်မြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

☏ ၉၅-၀၁-၆၅၈၁၃၀
🖷 ၉၅-၀၁-၆၅၈၁၄၂

စာအမှတ်၊မရက-၅(သ)/ခ-၀၀၁/၂၀၁၇(၅၃၄)
ရက်စွဲ၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်

အကြောင်းအရာ။ **သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထား မှတ်ချက်နှင့်အညီ ပြင်ဆင် တင်ပြရန်ကိစ္စ**

ရည် ညွှန်း ချက်။ (၁)မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ၂၁-၁၁-၂၀၁၇ရက်စွဲ ပါစာအမှတ်၊ မရက-၅(သ)/ခ-၀၀၁/၂၀၁၇(၅၁၄)

(၂)သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၃-၁၁-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၀၀၁/MIC(OSS)/၀၁(၁၉၃/၁၇)

